# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၃ ခု၊ ကရင်ပြည်နယ် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။
## [၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၃။]
## ၁၃၁၅ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၂ ရက်။
## (၁၉၅၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌၊ ကုန်ဆုံးသည့် နှစ်အတွက်၊ နောက်ထပ် ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ကရင်ပြည်နယ် အစိုးရဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏အခွန်တော်များမှ၊ စုစုပေါင်း ကျပ်ငွေ ၂၆,၃၃,၆၀၀ (ဤအက်ဥပဒေ ဇယားတွင်ဖော်ပြထားသည်၊) ကိုထုတ်၍၊ ၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက်၊ ခွဲဝေသုံးစွဲ နိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၁) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၅ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၂ ရက်။
(၁၉၅၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၅၁]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] SEQ-3691-01.docx